# သင့်ကို သွေးထဲတွင် ရောဂါပိုးဝင်သည့် ရောဂါအတွက် ကုသနေပါသည်။

သွေးထဲတွင် ရောဂါပိုးဝင်သည့် ရောဂါသည် ရောဂါကူးစက်မှုတစ်ခုကို ခန္ဓာကိုယ်က တုန့်ပြန်သည့်အခါ မိမိ၏ ကောင်းမွန်သည့် တစ်ရှူးများနှင့် ကိုယ်ခန္ဓာ အစိတ်အပိုင်းများကိုပါ ပျက်စီးစေခြင်းကို ဆိုလိုပါသည်။ သင့်မှာ သွေးထဲတွင် ရောဂါပိုးဝင်သည့် ရောဂါ ဖြစ်စေနိုင်သည့် ရောဂါကူးစက်မှုတစ်ခု ရှိနေပါသည်။ သွေးထဲတွင် ရောဂါပိုးဝင်သည့် ရောဂါသည် ချက်ချင်းကုသရန် လိုအပ်သည့် စိုးရိမ်ရသည့် ဆေးကုသမှုဆိုင်ရာ အရေးပေါ် အခြေအနေဖြစ်ပါသည်။

## သွေးထဲတွင် ရောဂါပိုးဝင်သည့် ရောဂါကို မည်ကဲ့သို့ ကုသသနည်း။

သွေးထဲတွင် ရောဂါပိုးဝင်သည့် ရောဂါကို ဆေးရုံတွင်ကုရပြီး တတ်နိုင်သရွေ့ အမြန်ဆုံးကုသပါက အကောင်းဆုံး ဖြစ်ပါသည်။ အချို့သောသူတို့မှာ ရောဂါပိုးဝင်သည့် ရောဂါကို အရေးပေါ်လူနာဌာနတွင် ကုသရန် လိုအပ်ပါသည်။

ကုသမှုတွင် ပဋိဇီဝဆေးများ ပါဝင်ပြီး အကယ်၍ လိုအပ်ပါက

- အခြားဆေးဝါးများ
- အကြောထဲ သွင်းရသည့်ဆေးရည်များ
- အသက်ရှူရန် အကူကိရိယာ
- ခွဲစိတ်ကုသမှု တို့ဖြစ်ပါသည်။

## သက်သာပျောက်ကင်းခြင်းနှင့် ဆေးရုံဆင်းခြင်း

သင် ဆေးရုံမှမဆင်းမီ သင့် ကျန်းမာရေး စောင့်ရှောက်မှုအဖွဲ့က အောက်ပါအချက်များကို ဆွေးနွေးပါလိမ့်မည် -

- သင် နာလန်ထူခြင်းနှင့် အချိန်မည်မျှ ကြာမည့်အကြောင်း
- ရောဂါကူးစက်မှုကို မည်ကဲ့သို့ ရှောင်ရှားနိုင်ကြောင်း
- သင့်မှာ သက်သာမှုမရှိပါက သို့မဟုတ် ပိုပြီး ဆိုးလာပါက မည်သည့် လက္ခဏာများကို သတိထားရမည့်အကြောင်း
- သင့် ဆေးဝါးများနှင့် ဘေးအန္တရာယ်ကင်းစွာ သုံးစွဲနိုင်ပုံ
- ရေရှည် အကျိုးသက်ရောက်မှုနှင့် နောင်တစ်ချိန်တွင် သင် လိုအပ်နိုင်သည့် စောင့်ရှောက်မှုအကြောင်း တို့ဖြစ်ပါသည်။

အကယ်၍သွေးထဲတွင် ရောဂါပိုးဝင်သည့် ရောဂါ ဖြစ်ခဲ့ဘူးပါက သင် ထပ်မံဖြစ်ပွားဖို့ အလားအလာ ပိုများပါသည်။ အကယ်၍ သင် ဆေးရုံမှဆင်းပြီးသည့်အခါ သင့်အခြေအနေ ပိုဆိုးလာ၊ စိတ်ပူပန်ရလျှင် ကျေးဇူးပြုပြီး အကြံဉာဏ်ရယူရန် **13Health** ကို ဖုန်းဆက်ပါ၊ သင် ကုသနေကျ ဆရာဝန်ကို တွေ့ပါ သို့မဟုတ် ဆေးရုံသို့ ပြန်လာပါ။

## ရေရှည် အကျိုးသက်ရောက်မှုများ

သွေးထဲတွင် ရောဂါပိုးဝင်သည့် ရောဂါ သက်သာရန် အချိန်ကြာပါသည်၊ အချို့သောသူများသည် ရေရှည်ပြဿနာများ ရှိကြပါသည်။ သင့်အနေနှင့် အချိန်ကာလတစ်ခုကြာအောင် နေမကောင်းဖြစ်နိုင်ပြီး ပုံမှန်အတိုင်း ပြန်လည် လုပ်ဆောင်နိုင်ဖို့ အခက်အခဲ တွေ့နိုင်ပါသည်။ အကယ်၍ သင် စိတ်ပူပန်နေပါက အားပေးပံ့ပိုးမှု ရယူရန် သင့်ကုသနေကျ ဆရာဝန် သို့မဟုတ် သင့် ကျန်းမာရေး စောင့်ရှောက်မှုအဖွဲ့နှင့် ဆွေးနွေးပါ။

သင့် ကိုယ်ခံအားစံနစ်သည် အချိန်ကာလတစ်ခုအကြာ အားနည်းနေနိုင်၍ ရောဂါကူးစက်မှုများ ပိုမို ဖြစ်စေနိုင်ပါသည်။ သင် ထိုးရမည့်ကာကွယ်ဆေးများကို မပျက်မကွက်ထိုးပါ၊ ကောင်းမွန်သည့် တစ်ကိုယ်ရေ သန့်ရှင်းရေးနှင့် နေပါ၊ သင့်အတွက် အထောက်အကူဖြစ်စေမည့် ဆေးကုသမှုများ အကြောင်းကို သင့် ကျန်းမာရေး စောင့်ရှောက်မှုအဖွဲ့နှင့် ဆွေးနွေးပါ။

## သွေးထဲတွင် ရောဂါပိုးဝင်သည့် ရောဂါ ဖြစ်နေချိန်နှင့် ဖြစ်ပြီးချိန် ကူညီပံ့ပိုးမှု

အကယ်၍ သင် စကားပြန် သို့မဟုတ် ယဉ်ကျေးမှုဆိုင်ရာ ဆက်ဆံရေး အရာရှိ လိုအပ်ပါက သင့် ကျန်းမာရေး စောင့်ရှောက်မှုအဖွဲ့ကို ပြောပါ။

သင်နှင့် သင့်မိသားစု ပြန်လည်နာလန်ထချိန်တွင် သွေးထဲတွင် ရောဂါပိုးဝင်သည့် ရောဂါဆိုင်ရာ ထောက်ကူမည့် ကူညီပံ့ပိုးရေးအဖွဲ့များအတွက် အောက်တွင်ဖော်ပြထားသည့် QR ကုဒ်ကိုကြည့်ပါ၊ သို့မဟုတ် Sepsis Australia ကိုရှာဖွေပါ။

အကယ်၍ သင့်မှာ ဤသိကောင်းစရာ စာစောင်နှင့်ပတ်သက်ပြီး ဝေဖန် အကြံပြုလိုသည်များ ရှိပါက QR ကုဒ်ကို စကင်လုပ်ပါ။

သွေးထဲတွင် ရောဂါပိုးဝင်သည့် ရောဂါ ဆိုင်ရာ ပိုမိုသိကောင်းစရာများနှင့် ကူညီပံ့ပိုးမှုအတွက် QR ကုဒ်ကို စကင်လုပ်ပါ။

DELIVERING FOR QUEENSLAND | Queensland Government

SC26000479_V1.2 06/2026